သတင်းထုတ်ပြန်ချက်

# ထိုင်းနိုင်ငံအနေဖြင့် ထိုင်းစစ်သားများက မြန်မာနိုင်ငံသားအား ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိရန်

## အစီရင်ခံစာအသစ်တွင် (အဖြစ်မှန်အား) ဖုံးကွယ်ရန် ကြိုးပမ်းမှု ဖြစ်နိုင်ချေကို ဖော်ပြထားသည်။

(ဘန်ကောက်မြို့၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်) - အထောက်အထားများအရ ထိုင်းစစ်တပ်မှ စစ်သားများသည် ထိုင်း-မြန်မာနယ်စပ်အနီးတွင် အသက် ၃၇ နှစ်အရွယ်ရှိ မြန်မာနိုင်ငံသားဖြစ်သည့် အောင်ကိုကိုအား ဖမ်းဆီး၍ အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့ပြီးနောက် အာဏာပိုင်များက အခြားမြန်မာလူမျိုး တစ်ဦးအား လူသေစေမှုဖြင့် အရေးယူကာ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Fortify Rights မှ အစီရင်ခံစာသစ်တွင် ယနေ့ ထုတ်ပြန်လိုက်သည်။ ထိုင်းအစိုးရအနေဖြင့် အောင်ကိုကိုအား သတ်ဖြတ်မှုတွင် ထိုင်းစစ်တပ်မှ စစ်သားများ ပါဝင်ပတ်သက်နေမှုနှင့် စပ်လျဉ်း၍ စေ့စပ်မြန်ဆန်ကာ သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်ပြီး ကျူးလွန်သူများအားလုံးအပေါ် တရားဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သင့်ကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။

"အောင်ကိုကိုရဲ့ ကြောက်မက်ဖွယ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံရမှုဟာ မဖြေရှင်းဘဲ ထားလို့မရပါဘူး။ တိုက်ရိုက်တာဝန်ရှိတဲ့ တရားခံစစ်သားတွေကို နှောင့်နှေးမှုမရှိဘဲ တရားဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သင့်ပါတယ်" ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ "အောင်ကိုကို သတ်ဖြတ်ခံရမှုမှာ စစ်တပ်ရဲ့ပါဝင်ပတ်သက်နေမှုက လက်ရှိမှာ တာဝန်ယူမှု တာဝန်ခံမှု ကင်းမဲ့နေပေမယ့် ထိုင်းအာဏာပိုင်တွေအနေနဲ့ ဒီအခြေအနေကို ပြောင်းလဲပစ်နိုင်ပြီး (ပြစ်မှုကျူးလွန်သူတွေ) ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်ခွင့်မရှိအောင် တားဆီးနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အစီရင်ခံစာဟာ ဒီကိစ္စရပ်မှာ အာဏာပိုင်တွေဘက်က တရားမျှတမှု ရှိစေဖို့ ဆောင်ရွက်ရာတွင် ကူညီပေးနိုင်အောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။"

ထိုင်း-မြန်မာနယ်စပ်ရှိ လူသေဆုံးမှု - ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသား အောင်ကိုကိုအား မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း ဟူသည့် စာမျက်နှာ ၄၄ မျက်နှာပါ အစီရင်ခံစာတွင် ထိုင်းစစ်တပ်မှ စစ်သားလေးဦးသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အောင်ကိုကိုအား ဖမ်းဆီးထိန်းသိမ်းခဲ့ပုံ၊ မဲဆောက် (Mae Sot) ခရိုင်၊ တာ့ခ် (Tak) ပြည်နယ်အတွင်းရှိ

ထိုင်း-မြန်မာနယ်စပ်အနီးတွင် ယင်းစစ်သားလေးဦးအနက် သုံးဦးမှ အောင်ကိုကိုအား သေဆုံးသည် အထိ နှိပ်စက်ခဲ့ပုံတို့ကို အသေးစိတ်ဖော်ပြထားသည်။

ဤအစီရင်ခံစာသည် အောင်ကိုကိုသေဆုံးမှုနှင့် ပတ်သက်၍ ထိုင်းရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုတွင် မေးခွန်းထုတ်ဖွယ်ရာများ၊ အောင်ကိုကိုအား ညှင်းပန်းနှိပ်စက်မှုနှင့် သေဆုံးစေမှုတွင် မျက်မြင် သက်သေဖြစ်သူ စီရာချက် (Sirachuch) အသက် ၂၄ နှစ်အရွယ် မြန်မာလူမျိုးတစ်ဦးကိုသာ ရုံးတင်စစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း စသည်တို့ကို လည်း မီးမောင်း ထိုးဖော်ပြပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့၊ နံနက် ၁၁ နာရီခန့်တွင် မဲဆောက် (Mae Sot) ခရိုင်၊ တာ့ခ် (Tak) ပြည်နယ်၊ ရိုင် ၇၀ ဝန်းကျင် သစ်သားတံတားငယ်တစ်ခုအနီးတွင် ထိုင်းစစ်သားလေးဦးမှ အောင်ကိုကိုအား ဖမ်းဆီးခဲ့သည်။ စစ်သားသုံးဦးသည် အောင်ကိုကိုအား သစ်သားတုတ်ရှည်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ခဲ့ပုံကို မျက်မြင်သက်သေများက Fortify Rights အား ပြောပြခဲ့သည်။ Fortify Rights မှ ရရှိခဲ့သည့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်နှင့် Fortify Rights မှ စိစစ်သုံးသပ်ခဲ့ သည့် သေဆုံးသူ၏ ခန္ဓာကိုယ်ဓာတ်ပုံများအရ အောင်ကိုကိုတွင် ပြင်းထန်သော ပွန်းပဲ့ဒဏ်ရာများ ရရှိကာ သွေးထွက်သံယိုဖြစ်နေပြီး နဖူး၊ ပါးရိုးတစ်ဝိုက်နှင့် နှာခေါင်းတို့တွင် ညိုမဲဒဏ်ရာများ ရှိနေ သည်။ ၎င်း၏ နောက်ကျောတစ်ခုလုံးနီးပါး ပြင်းထန်စွာ ဒဏ်ရာရရှိထားသည်။ ၎င်း၏ ညာဘက် တံတောင်ဆစ်တွင် တစ်လက်မခန့် နက်ရှိုင်းသော ပြတ်ရှဒဏ်ရာကိုလည်း ဓာတ်ပုံထဲတွင်တွေ့ရ သည်။

မျက်မြင်သက်သေများစွာထဲမှ တစ်ဦးဖြစ်သော "M.L (အမည်လွှဲ)" သည် စစ်သားများမှ အောင်ကိုကို အား မရိုက်နှက်မီ စစ်ဆေးမေးမြန်းခဲ့ကြောင်း Fortify Rights အား ပြောကြားခဲ့ပါသည်။ ၎င်းမှ ပြောကြားသည်မှာ -

> အောင်ကိုကိုက သူတို့မေးတာတွေကို ပြန်ဖြေလို့လည်း ပြီးရော ခေါင်းဆောင် [ထိုင်းစစ်သား] က ကျွန်တော်တို့ရှေ့မှာတင် အောင်ကိုကိုရဲ့ ကျောကုန်းနဲ့ ခြေထောက်တွေကို ဝါးရင်းတုတ်နဲ့ အချက်ပေါင်းမနည်း အားထည့်ပြီး ရိုက်တာ ဝါးရင်းတုတ်ကျိုးပါ ကျိုးတဲ့အထိပဲ။ ပြီးတော့ အရှည် ၁.၅ မီတာ (၅ ပေ နီးပါး) လောက်ရှိတဲ့ နောက်ထပ်တုတ်ချောင်းရှည်နဲ့ အောင်ကိုကိုကို အဲ့တုတ်ပါ မကျိုးမချင်းအထိကို ဆက်ရိုက်တယ်။

အောင်ကိုကိုသည် ထိုင်းနိုင်ငံတွင် နေထိုင်ခဲ့ပြီး ထိုင်းအာဏာပိုင်များက စီစဉ်လေ့ကျင့်သင်ကြား ပေးထားသည့် ရပ်ရွာလူထုအခြေပြု လုံခြုံရေးတပ်ဖွဲ့ *ချော်ရော်ဘော် (Chor Ror Bor)* ၏ စေတနာ လုပ်သားဟောင်း တစ်ဦးဖြစ်သည်။ စစ်သားများသည် အောင်ကိုကိုအား မြန်မာနိုင်ငံသားဖြစ်ပြီး *ချော်ရော်ဘော် (Chor Ror Bor)* အပေါ်ထပ်အင်္ကျီဝတ်ထားသောကြောင့် အစပိုင်းတွင် ဖမ်းဆီး ထိန်းသိမ်းစစ်ဆေးမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက Fortify Rights သို့ပြောသည်။

[ထိုင်း-မြန်မာနယ်စပ်၌ သေဆုံးမှု] အစီရင်ခံစာသည် ထိုင်းနိုင်ငံ၊ မဲဆောက် (Mae Sot) ခရိုင်၊ တာ့ခ် (Tak) ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိတိုင် Fortify Rights မှ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားသည့် စုံစမ်းစစ်ဆေးမှုအပေါ် အခြေခံထားသည်။ Fortify Rights အဖွဲ့အစည်းသည် မျက်မြင်သက်သေများ၊ ကျေးရွာလုံခြုံရေး စေတနာလုပ်သားများ၊ ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူး၊ အောင်ကိုကိုရဲ့ မိသားစုဝင်များနှင့် မဲဆောက်ခရိုင်အတွင်း ရွှေ့ပြောင်းနေထိုင်သူတွေကို ကူညီပေးနေသည့် လူ့အခွင့်အရေးလှုပ်ရှားသူများစသည်တို့ပါဝင်သော အထောက်အထားများနှင့် တွေ့ဆုံမေးမြန်းမှု ၂၃ ခုကို လုပ်ဆောင်ခဲ့ပါသည်။ Fortify Rights သည် အောင်ကိုကို ဖမ်းဆီးနှိပ်စက်ခံရသည့်နေရာများကို သွားရောက်ခဲ့သလို မဲဆောက် ရဲတပ်ဖွဲ့နှင့်လည်း တိုက်ရိုက်တွေ့ဆုံခဲ့သည်။ Fortify Rights သည် မဲဆောက် ရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက် ဆက်သွယ်ခဲ့ပြီး အောင်ကိုကိုအား ထိုင်းစစ်သားများ ဖမ်းဆီးနှိပ်စက်ခဲ့သည့် နေရာများကိုလည်း သွားရောက်လေ့လာခဲ့သည်။

ထို့အပြင် Fortify Rights သည် အောင်ကိုကို၏ အလောင်းရင်ခွဲစစ်ဆေးချက်မှတ်တမ်းကို ရယူကာ စိစစ်သုံးသပ်ပြီး ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများကို ထင်ရှားစွာ ဖော်ပြနေသည့် ဖမ်းဆီးချုပ် နှောင်ထားစဉ်နှင့် သေဆုံးပြီးနောက် ရိုက်ကူးထားသော ဓာတ်ပုံများ အပါအဝင် အခြားသော မျက်မြင်အထောက်အထားများကို စိစစ်လေ့လာခဲ့သည်။ အဖွဲ့အစည်းသည် စီရာချက်နှင့် ၎င်း၏ ရှေ့နေတို့ကို တွေ့ဆုံမေးမြန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ၎င်း၏ ရုံးချိန်းကို မဲဆောက်ခရိုင်တရားရုံး၌ စောင့်ကြည့်လေ့လာခဲ့သည်။ Fortify Rights သည် ဤစေ့စပ် တိကျသော အသေးစိတ်စုံစမ်းစစ်ဆေးမှုမှတစ်ဆင့် အောင်ကိုကို၏ သေဆုံးမှုနှင့် ပတ်သက်သည့် အခြေအနေများကို ထင်ရှားစေမည့် အရေးပါသော အထောက်အထားများကို မှတ်တမ်းတင်ခဲ့သည်။

အောင်ကိုကိုကဲ့သို့ပင် စီရာချက်သည် ဒေသခံ *ချော်ရော်ဘော်* *(Chor Ror Bor)* အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းတရားရုံးက စီရာချက်အား အောင်ကိုကို အသတ်ခံရမှုတွင် ကြံရာပါအဖြစ် ထောင်ဒဏ် ၃ နှစ်နှင့် လေးလ ချမှတ်ခဲ့သည်။ ဤအစီရင်ခံစာ ပြုစုသည့်အချိန်ထိတိုင် မည်သည့်ထိုင်းစစ်တပ်အဖွဲ့ဝင်ကိုမှ ဖမ်းဆီးခြင်း သို့မဟုတ် ရုံးတင်စစ်ဆေး ခြင်းမျိုး မရှိသေးပေ။

> "စီရာချက်ရဲ့ပြစ်ဒဏ်ကျမှုက လွဲမှားနေတဲ့ တရားစီရင်မှုတစ်ခုပါ" ဟု Matthew Smith က ဆိုသည်။ "လက်ရှိမှာ ရထားတဲ့ အထောက်အထားတွေအရ အနည်းဆုံး စစ်သားသုံးယောက်က အကြမ်းဖက်နှိပ်စက်မှုရာမှာ ပါဝင်နေခဲ့တာကြောင့် အောင်ကိုကို သေဆုံးခဲ့ရပေမယ့် စီရာချက်မှာ အသုံးချခံရပြီး သူတို့လုပ်ရပ်အတွက် ထောင်ထဲမှာ ပြစ်ဒဏ်ခံစားနေရတယ်။"

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် Fortify Rights သည် တရားရေးဝန်ကြီးဌာန၊ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ထံသို့ Fortify Rights ၏ အစီရင်ခံစာနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ အချက်အလက်များကို မျှဝေခဲ့ပြီး အောင်ကိုကို အသတ်ခံရမှု ဆွေးနွေးရန် အစည်းအဝေးများ တောင်းဆိုခဲ့သည်။ .

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် Fortify Rights ၏ စုံစမ်းစစ်ဆေးမှုကို အခြေခံ၍ သက်သေခံချက်ပေးရန် ထိုင်းနိုင်ငံ၏ အထူးစုံစမ်းစစ်ဆေးရေးဌာန (DSI) မှ ဖိတ်ကြားချက်ကို Fortify Rights မှ လက်ခံရရှိခဲ့ပါသည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် Fortify Rights မှ ဘန်ကောက်မြို့ရှိ DSI သို့ လူကိုယ်တိုင် သက်သေခံအဖြစ် တက်ရောက်ကာ အောင်ကိုကို အသတ်ခံရမှုနှင့် ပတ်သက်သည်များကို တိုင်ကြားခဲ့သည်။ Fortify Rights သည် DSI ထံသို့ ထိုင်း-မြန်မာနယ်စပ်၌ သေဆုံးမှု အစီရင်ခံစာအား ထိုင်းဘာသာဖြင့် ဘာသာပြန်တင်ပြထားသည်များနှင့် အမှုနှင့်သက်ဆိုင်သည့် အခြားအထောက်အထားများကိုလည်း ပေးအပ်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ဖြစ်သည့် နိုဝင်ဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့အတွင်းတွင် ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီသည် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကွန်ဗင်းရှင်းကို လိုက်နာသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား စိစစ်သုံးသပ်သော အထူးအဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် သဘောတူစာချုပ်အား လိုက်နာမှုရှိ၊ မရှိကို ပြန်လည်

သုံးသပ်ခဲ့သည်။ ပြန်လည်သုံးသပ်မှုအတွင်း ထိုင်းတရားရေးဝန်ကြီးဌာနရှိ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့် ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Aimon Siangyai က "ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်တဲ့ မည်သူမဆို ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးမည် မဟုတ်" ဟုပြောကြားခဲ့သည့် အပြင် "ပြစ်မှုကျူးလွန်ရာတွင် လူ့အသက်သေစေနိုင်တဲ့အထိ ရက်စက်ကြမ်းကြုတ်မှုတွေကို ထိခိုက်ခံစားရသူတွေဟာ ထိခိုက်လွယ်တဲ့လူတစ်စုဖြစ်နေခဲ့မယ် ဆိုရင် ပိုပြီးဆိုးဝါးပြင်းထန်တဲ့ ပြစ်ဒဏ်ပေးမယ့် ပုဒ်မများက ထိုင်းနိုင်ငံဥပဒေမှာ ပါရှိပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

နိုင်ငံတကာဥပဒေအရ ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်ခြင်းမှ လွတ်ကင်းခွင့်သည် လျှော့ပေါ့ဖျက်သိမ်း ပေးရမည့် အခြေအနေတစ်ရပ်မဟုတ်သောကြောင့် မည်သည့်အခြေအနေတွင်မဆို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ကန့်သတ်ထားခြင်းမျိုး မရှိရပေ။ ထိုင်းနိုင်ငံ၏ ပြည်တွင်းဥပဒေများဖြစ်သည့် ထိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အတင်းအကြပ်ပျောက်ဆုံးစေမှု တားဆီးနှိမ်နင်းရေး အက်ဥပဒေ (ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဥပဒေ)၊ ရာဇဝတ်မှုဆိုင်ရာဥပဒေနှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေတို့ပါဝင်သည့် ဥပဒေတို့တွင် အသက်ရှင်သန်ခွင့် နှင့် တရားလက်လွတ် သတ်ဖြတ်ခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားဖမ်းဆီးခံရခြင်းမှ အကာအကွယ်ပေးခြင်း နှင့် ရာဇဝတ်မှုများမှ အသက်ရှင်လွက်မြောက်သူများအား အချို့သော ကုစားခွင့်များပေးခြင်း စသည် တို့ကိုလည်း အာမခံချက်ပေးထားပါသည်။

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး အက်ဥပဒေအရ အစိုးရဝန်ထမ်းများသည် ညှဉ်းပန်းနှိပ်စက်မှုတွင် အပြစ်ရှိကြောင်း တွေ့ရှိပါက ထောင်ဒဏ် ၅နှစ်မှ ၁၅ နှစ်အထိနှင့် ဒဏ်ငွေ ထိုင်းဘတ်ငွေ ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ ကြား (အမေရိကန်ဒေါ်လာ ၆,၀၀၀ မှ ၁၅,၀၀၀ ခန့်) ပြစ်ဒဏ်ချမှတ်နိုင်သည်။

ရာဇဝတ်မှုများတွင် တာဝန်ရှိနေသော ထိုင်းစစ်သားများသည် ဥပဒေနှင့် မလွတ်ကင်းကြောင်းနှင့် ၎င်းတို့၏ ရာထူး သို့မဟုတ် အခြားမည်သည့်ပတ်သက်ဆက်နွယ်မှုများရှိသည်ဆိုစေကာမူ တရားမျှတပြီး ဘက်မလိုက်သော စစ်ဆေးမှုများမှတစ်ဆင့် တရားဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်မှုများရှိသင့်သည်ဟု Fortify Rights မှ ပြောကြားခဲ့သည်။

Fortify Rights အဖွဲ့၊ ကုလသမဂ္ဂအေဂျင်စီများ၊ အမျိုးသားနှင့် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများသည် မြန်မာဒုက္ခသည်များအား မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ငွေညှစ်ခြင်းအပါအဝင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအပေါ် ထိုင်းအာဏာပိုင်များ၏ ပါဝင်ပတ်သက်မှုကို ကာလကြာရှည်စွာ မှတ်တမ်းတင်ထားသည်။ အချို့သောကိစ္စရပ်များတွင် ထိုသို့သောဖြစ်ရပ်များသည် စုံစမ်းစစ်ဆေးမှုများ နှင့် တာဝန်ယူမှု တာဝန်ခံမှုဆီသို့ ဦးတည်လျက်ရှိနေသည်။

ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၌ မဲဆောက်တွင် ကျန်းမာရေးစောင့်ရှောက်မှုရယူနေသည့် မြန်မာဒုက္ခသည်များကို ထိုင်းရဲများက ပစ်မှတ်ထားပြီး မတရားဖမ်းဆီးခြင်း၊ ငွေညှစ်ခဲ့ခြင်းစသည့်အထောက်အထားတို့ကို ထိုဒုက္ခသည်များထံမှတဆင့် ရရှိ၍ Fortify Rights မှ မှတ်တမ်းတင်ခဲ့ရာမှတဆင့် မဲဆောက်ရဲတပ်ဖွဲ့သည် အချက်အလက်ရှာဖွေရေးကော်မတီကို တည်ထောင်ခဲ့သည်။ အခြားဥပမာတစ်ခုအရ Fortify Rights မှ ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည်များဝင်ရောက်ခြင်းကို တားမြစ်ခဲ့သည့် ထိုင်းအာဏာပိုင်များ၏ လုပ်ရပ်များကို မှတ်တမ်းပြုစုပြီးနောက်၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ထိုင်းပါလီမန်သည် ထိုင်းပါလီမန်အတွင်း၌ စုံစမ်းရေးကော်မရှင်တစ်ရပ်ကို စတင်ခဲ့သည်။ အထင်ရှားဆုံး ဥပမာတစ်ခုမှာမူ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ထိုင်းအာဏာပိုင်များသည် ရိုဟင်ဂျာဒုက္ခသည်အများစု (ထောင်နှင့်ချီမရှိလျှင်တောင် ရာနှင့်ချီ) အား ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းကျင့်မှု၊ ငွေညှစ်မှု၊ သတ်ဖြတ်မှုများကျူးလွန်ခဲ့သည့် နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုနှင့် လက်တွဲပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း သက်သေအထောက်အထားများနှင့် တကွဖော်ထုတ်ပြီးနောက် နိုင်ငံ၏ အကြီးမားဆုံးသော လူကုန်ကူးမှုဆိုင်ရာ တရားစီရင်မှုကြီးတွင် ထိုင်းစစ်တပ်မှ ဒုဗိုလ်ချုပ်ကြီးတစ်ဦး အပါအဝင် အခြားကျူးလွန်သူအများအပြားကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊အောက်တိုဘာလ ၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ထိုင်းနိုင်ငံအား ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးသည့် အစိုးရကြားဖြတ်အဖွဲ့အစည်း ဖြစ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

> “လူ့အခွင့်အရေးကောင်စီရဲ့ အဖွဲ့ဝင်အသစ်အနေနဲ့ ထိုင်းနိုင်ငံရဲ့ခေါင်းဆောင်တွေမှာ လူ့အခွင့်အရေး ကို ကာကွယ်ဖို့ ကြီးမားတဲ့တာဝန်ရှိပါတယ်” ဟု Matthew Smith က ပြောကြားခဲ့သည်။ “အောင်ကိုကိုကို သတ်တဲ့ လူသတ်သမားအစစ်အမှန်တွေကို တရားမျှတမှုရှိအောင် ဆောင်ကျဉ်း ပေးခြင်းဟာ နိုင်ငံအတွင်း ဆိုးရွားတဲ့ လူ့အခွင့်အရေး

ချိုးဖောက်မှုတွေကို ခံစားနေရတဲ့ ရွှေ့ပြောင်း ဒုက္ခသည်တွေနဲ့ ဒုက္ခသည်တွေကို အကာအကွယ်ပေးဖို့ အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။”

**ရှင်းလင်းချက် - ဤသတင်းထုတ်ပြန်ချက်သည် အင်္ဂလိပ်ဘာသာကို အခြေခံထားသည်ဖြစ်၍ ဘာသာပြန်ဆိုချက်များကြား ကွဲလွဲမှုများရှိနိုင်ပါသည်။ အင်္ဂလိပ်ဘာသာသတင်းထုတ်ပြန်ချက်သည် တရားဝင်ထုတ်ပြန်ချက်ဖြစ်သည်။**

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Matthew Smith**, Chief Executive Officer, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

အီးမေးလ် - Matthew.Smith@FortifyRights.org

တွစ်တာ/X - @MatthewFSmith, @FortifyRights